# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

၃။ နောင်တွင် အဆိုပါဥပဒေဟု ရည်ညွှန်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ကျပ်တစ်သိန်း" ဆိုသည့် စကားရပ်ကို "ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အဆိုပါ ဥပဒေ ပုဒ်မ ၆ တွင် ပါရှိသော "ကျပ်၂၀၀၀" ဆိုသည့် စကားရပ်နှင့် "ကျပ် ၃၀၀၀" ဆိုသည့် စကားရပ်တို့ကို "ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အဆိုပါ ဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော "ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အဆိုပါ ဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) နှင့် ၂၀၁၂ ခုနှစ်၊

အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄) တို့တွင်ပါရှိသော ပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် (စ) တို့ပါ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ပုဒ်မခွဲ (ဆ) ပါ လုပ်ငန်းတာဝန်ဆောင်ရွက်ရန် အချက်အလက်ရှာဖွေခြင်းနှင့် ပုဒ်မခွဲ (ဓ) ပါ လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းပြုသည့်အခါ၌လည်း ဤဥပဒေ ပုဒ်မ ၆ နှင့် ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်း ပုဒ်မ ၉၊ ပုဒ်မခွဲ (ဓ) အတွက်သာ ခံစားခွင့်ရှိသည်။"

၇။ အဆိုပါ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်